မြင့်အင် (နံ) အဆိုစီရိတ် (စ) ကမ်းလွန်ဝန်ဆောင်မှုလုပ်ငန်းလီမိတက်

M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

လှူဒါန်းထောက်ပံ့ခြင်း
(Sponsorship and Philanthropy)

- ဂရုတ်ကောင်းမြို့ နာရေးကူညီမှုလုပ်ငန်းများတွင် အသုံးပြုရန် ဒါနကုသလ နာရေးကူညီမှုအသင်းသို့ စုစုပေါင်းကုန်ကျစရိတ် (၄၅) သိန်း တန်ဖိုးရှိသော နိဗ္ဗာန်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းခြင်း

- ဂရုတ်ကောင်းဒေသ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဂရုတ်ကောင်းမြို့တိုက်နယ်ဆေးရုံသို့ စုစုပေါင်းငွေကျပ် (၁,၉၈၃,၅၀၀) သိန်း တန်ဖိုးရှိသော အောက်စီဂျင်စက်နှစ်လုံးနှင့် ဆေးဘက်ဆိုင်ရာကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း

သက်ဆိုင်ရာလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း၊ အသိပေးတင်ပြခြင်း
(Stakeholder Engagement)

- တွေ့ဆုံဆွေးနွေးမှုအကြိမ်ပေါင်း - ၆ ကြိမ်
- တွေ့ဆုံဆွေးနွေးခဲ့သူပေါင်း - ၄၂ ဦး
- တွေ့ဆုံဆွေးနွေးမှုကြာချိန်ပေါင်း - ၂၃ နာရီ ၃၃ မိနစ်

CSR လုပ်ငန်းဆောင်ရွက်ချက်များ အစီရင်ခံတင်ပြခြင်း
(Communicating CSR)

- CSR လုပ်ငန်းဆောင်ရွက်ချက်များအပါအဝင် စီမံကိန်းတိုးတက်မှုအစီရင်ခံစာကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သို့ သုံးလတစ်ကြိမ် ပေးပို့တင်ပြခြင်း

- ခြောက်လတစ်ကြိမ်ပေးပို့တင်ပြရသော ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ စတုတ္ထအကြိမ် ပေးပို့တင်ပြခြင်း

- CSR လုပ်ငန်းဆောင်ရွက်ချက်များအပါအဝင် စီမံကိန်းနှင့်ဆက်နွယ်သော လုပ်ငန်းတိုးတက်မှုအခြေအနေများကို ကုမ္ပဏီ၏ဆက်သွယ်ပြန်ကြားရေးစာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြခြင်း

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်
(Operational Grievance Mechanism - OGM)

- ၂၀၁၇ ခုနှစ်မှ ယနေ့အထိ ပေးပို့လာသော အကြံပြုစာပေါင်း - ၇ စောင်
- အကြံပြုချက်များအရ ဖြေရှင်းဆောင်ရွက်ပေးမှုအပေါ် ရာနှုန်းပြည့် ကျေနပ်လက်ခံခြင်း

ဒေသခံများဦးစီးဆောင်ရွက်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအစီအစဉ်
(Community Waste Management Program)

- ဂေါ်ရန်ဂျီပတ်ဝန်းကျင်သန့် ရှင်းရေးအတွက် တက်ကြွလှုပ်ရှားသော အမှိုက်ကောက်သူရဲကောင်းအဖွဲ့ Trash Hero Gaw Yan Gyi နှင့် နံ့သာပုကျေးရွာလူထုတို့ပူးပေါင်း၍ ကျေးရွာအုပ်စု၏ လမ်းမကြီးများနှင့် ကမ်းခြေတစ်လျှောက်၌ အမှိုက်ကောက်လှုပ်ရှားမှုများပြုလုပ်ခြင်း

မြင့်အင် (နံ) အဆိုစီရိတ် (စ) ကမ်းလွန်ဝန်ဆောင်မှုလုပ်ငန်းလီမိတက်

M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

လှူဒါန်းထောက်ပံ့ခြင်း

M&AOSB CSR အစီအစဉ်သည် စုစုပေါင်းကုန်ကျစရိတ် (၄၅) သိန်း တန်ဖိုးရှိသည့် နိဗ္ဗာန်ယာဉ် (သုံးဘီးဆိုင်ကယ်) ကို ဒါနကုသလနာရေးကူညီမှုအသင်း (ငရုတ်ကောင်းမြို့) သို့ ၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင် လှူဒါန်းခဲ့ပါသည်။ ငရုတ်ကောင်းဒေသ၌ နာရေးကူညီမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ် လိုအပ်လျက်ရှိသည့် နိဗ္ဗာန်ယာဉ်ကို M&AOSB ကုမ္ပဏီ၏ လူမှုတာဝန်သိလုပ်ငန်းအစီအစဉ် တစ်စိတ်တစ်ပိုင်း အဖြစ် ပေးအပ်လှူဒါန်းခဲ့ပါသည်။

ဒါနကုသလနာရေးကူညီမှုအသင်း
ငရုတ်ကောင်းမြို့

ဂုဏ်ပြုမှတ်တမ်းလွှာ

ဒါနကုသလအသင်း၏ နာရေးကူညီမှုအစီအစဉ်များတွင် အသုံးပြုရန်အတွက် ငွေကျပ် ၄၁၀၀၀၀၀၀/-(ကျပ်လေးဆယ့်တစ်သိန်းတိတိ)တန်ဖိုးရှိ သုံးဘီးယာဉ် တစ်စီးနှင့် ယာဉ်အဓိုးအကာ တပ်ဆင်ရန် အတွက် ငွေကျပ် ၄၀၀၀၀၀၀/-(ကျပ်လေးသိန်းတိတိ)လှူဒါန်းပေးပါသော Myint & Associates Offshore Supply Base Ltd. အား အထူးကျေးဇူးတင်ရှိပါကြောင်း ဤဂုဏ်ပြုမှတ်တမ်းလွှာဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဦးဆန်းဝိုးနိုင်
ဥက္ကဋ္ဌ
ဒါနကုသလနာရေးကူညီမှုအသင်း
ငရုတ်ကောင်းမြို့

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ(၁၆)ရက်

မြင့်အင် (နံ) အဆိုစီရိုတ် (စ) ကမ်းလွန်ဝန်ဆောင်မှုလုပ်ငန်းလီမိတက်

M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

လှူဒါန်းထောက်ပံ့ခြင်း

ရေတိကောင်းဒေသတွင် COVID-19 ကူးစက်မြန်ကပ်ရောဂါပျံ့နှံ့မှု တားဆီးလျှော့ချနိုင်ရေးအတွက် ရေတိကောင်းမြို့တိုက်နယ်ဆေးရုံ၌ လိုအပ်လျက်ရှိသည့် အောက်စီဂျင်စက်များ (Oxygen Concentrators) အပြင် 3-Layer နှာခေါင်းစီးများ၊ Face Shield အကာများ၊ လက်အိတ်များနှင့် Dettol ပိုးသတ်ဆေးရည်ပုလင်းများပါဝင်သည့် ဆေးဘက်ဆိုင်ရာကာကွယ်ရေးပစ္စည်းများကို M&AOSB CSR အစီအစဉ်မှ ၂၀၂၁ ခုနှစ် ဇူလိုင်လ (၃) ရက်နေ့တွင် သွားရောက်လှူဒါန်းခဲ့ပါသည်။ အဆိုပါလှူဒါန်းမှုကို ရေတိကောင်းမြို့ COVID-19 ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌနှင့် ရေတိကောင်းမြို့တိုက်နယ်ဆရာဝန်တို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပါသည်။

Coronavirus Disease 2019 (COVID 19)
ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ
ရေတိကောင်းမြို့
ဂုဏ်ပြုမှတ်တမ်းလွှာ
Coronavirus Disease 2019(COVID 19)

တိုက်နယ်ဆေးရုံ
ရေတိကောင်းမြို့
ဂုဏ်ပြုမှတ်တမ်းလွှာ

မြင့်အင် (နံ) အဆိုစီရိတ် (စ) ကမ်းလွန်ဝန်ဆောင်မှုလုပ်ငန်းလီမိတက်

M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

ဒေသခံများဦးစီးဆောင်ရွက်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအစီအစဉ်

ဂေါ်ရန်ဂျီပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် တက်ကြွလှုပ်ရှားသော Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့သည် M&AOSB CSR အစီအစဉ်နှင့် နံ့သာပုကျေးရွာလူထု၏ ပူးပေါင်းပံ့ပိုးမှုဖြင့် သုံးလပတ်ကာလအတွင်း အမှိုက်ကောက်လှုပ်ရှားမှု (၆) ကြိမ် ပြုလုပ်ခဲ့ပါသည်။ နံ့သာပုကျေးရွာအုပ်စု၏ လမ်းမကြီးများနှင့် ကမ်းခြေတစ်လျှောက်၌ ပြုလုပ်ခဲ့သော အဆိုပါအမှိုက်ကောက်လှုပ်ရှားမှုများတွင် အမှိုက်ကောက်သူရဲကောင်း လူကြီး (၃၅) ဦး၊ ကလေး (၈၁) ဦးနှင့် စုစုပေါင်းသူရဲကောင်း (၁၁၆) ဦး ပါဝင်အမှိုက်ကောက်ခဲ့ကြပြီး အမှိုက်ကီလိုပေါင်း (၅၆၅) ကီလိုကို ကောက်ယူသိမ်းဆည်းနိုင်ခဲ့ပါသည်။

စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှု

စဉ်	နေ့စွဲ	အမှိုက်အိတ်	အမှိုက်ကောက်သူရဲကောင်း (ကလေး)	အမှိုက်ကောက်သူရဲကောင်း (လူကြီး)	အမှိုက်ကောက်သူရဲကောင်း (စုစုပေါင်း)	အမှိုက်ကီလို
၁	၂၀.၁၂.၂၀၂၀	၂၀	၂၈	၁၁	၃၉	၁၀၀
၂	၃.၁.၂၀၂၁	၂၅	၃၅	၁၂	၄၇	၁၂၅
၃	၁၇.၁.၂၀၂၁	၅၅	၂၃	၁၂	၃၅	၂၇၅
၄	၃၁.၁.၂၀၂၁	၈၉	၄၇	၁၅	၆၂	၄၄၅
၅	၁၄.၂.၂၀၂၁	၄	၇	၃	၁၀	၂၀
၆	၉.၅.၂၀၂၁	၁၀	၇	၂	၉	၅၀
၇	၁၆.၅.၂၀၂၁	၈	၈	၂	၁၀	၄၀
၈	၃၀.၅.၂၀၂၁	၁၇	၁၀	၃	၁၃	၈၅
၉	၆.၆.၂၀၂၁	၁၃	၁၂	၄	၁၆	၆၅
၁၀	၁၃.၆.၂၀၂၁	၃၀	၁၉	၅	၂၈	၁၅၀
၁၁	၂၀.၆.၂၀၂၁	၃၅	၂၅	၁၅	၄၀	၁၇၅

မြင့်အင် (နှ) အဆိုစီရိတ် (စ) ကမ်းလွန်ဝန်ဆောင်မှုလုပ်ငန်းလီမိတက်

M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

ဒေသခံများဦးစီးဆောင်ရွက်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအစီအစဉ်